# နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏လုံခြုံရေးဆိုင်ရာဥပဒေ

**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅။)**

**၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်**

**(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ** ဟုခေါ်တွင်စေ ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတ ရာထူးသက်တမ်းကုန်ဆုံးသည်အထိတာဝန်ထမ်းဆောင်ခဲ့ သူကို ဆိုသည်။

(ခ) **ကိုယ်ရံတော်** ဆိုသည်မှာ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား တိုက်ခိုက်ခြင်း၊ နှောင့် ယှက်ခြင်းနှင့် လက်ရောက်မှုပြုခြင်းတို့မှ အကာအကွယ်ပေးရန်ပြည်ထဲရေးဝန်ကြီးဌာနက ခန့်အပ်သူကို ဆိုသည်။

(ဂ) **လုံခြုံရေးအဖွဲ့** ဆိုသည်မှာ ကိုယ်ရံတော် ဦးဆောင်သည့် ပြည်ထဲရေးဝန်ကြီးဌာနကတာဝန်ပေးအပ် သော တပ်ဖွဲ့ကိုဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏အသက်အန္တရာယ်နှင့် ကိုယ်ကာယကို ထိခိုက်ခြင်းမှ ကြိုတင်ကာကွယ်ရေး သို့မဟုတ် ကာကွယ်နိုင်ရေးအတွက် လုံခြုံရေးဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူအား မိသားစုနှင့်အတူ လုံခြုံအေးချမ်းစွာနေထိုင်နိုင်စေ ရန်၊

(ဂ) နိုင်ငံတော်၏တာဝန်ကိုထမ်းဆောင်ပြီး နောက်ပိုင်းတွင် ထိုတာဝန်ထမ်းဆောင်စဉ်က ဥပဒေနှင့်အ ညီ ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ အနှောင့်အယှက်ပေးခြင်း၊ အန္တရာယ်ပြုခြင်းတို့မှကာကွယ်နိုင်ရန်။

## အခန်း(၃)

## နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူအား လုံခြုံရေးအကာအကွယ်ပေးခြင်း



Myanmar Law Information System (MLIS)

၄။ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးအတွက် အကာ အကွယ်ပေးရန် နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူက အမည်စာရင်းတင်သွင်းသူ တစ်ဦးကို ကိုယ်ရံတော်အဖြစ် ညှိနှိုင်းခန့်အပ်ရမည်။

၅။ ကိုယ်ရံတော်၏လစာနှင့်စရိတ် များကို ပြည်ထဲရေးဝန်ကြီးဌာန၏ဘဏ္ဍာရန်ပုံငွေမှ ကျခံရမည်။

၆။ (က) နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူသည် ကိုယ်ရံတော်ကို မည်သည့်အချိန်တွင်မဆို ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရန် ပြည်ထဲရေးဝန်ကြီးဌာနသို့အကြောင်းကြားနိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူက ပုဒ်မခွဲ /(က) အရအ ကြောင်းကြားလျှင် ကိုယ်ရံတော်အဖြစ်မှ ရပ်စဲရမည်။

၇။ (က) ပုဒ်မ ၆၊ ပုဒ်မခွဲ(ခ) အရ ကိုယ်ရံတော်အဖြစ်မှ ရပ်စဲပါက နိုင်ငံတော်သမ္မတတာဝန်ထမ်း ဆောင်ခဲ့သူသည် လစ်လပ်သွားသော ကိုယ်ရံတော်၏နေရာတွင် ကိုယ်ရံတော်တစ်ဦးဖြည့်စွက်ခန့်ထားရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ အမည်စာရင်းတင်သွင်းနိုင်သည်။

(ခ) ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူက ပုဒ်မခွဲ(က) အရ အမည် စာရင်းတင်သွင်းသူကို ကိုယ်ရံတော်အဖြစ်ခန့်အပ်ရမည်။

၈။ ပြည်ထဲရေးဝန်ကြီးဌာနသည် နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူကို လည်းကောင်း၊ ယင်း၏ နေအိမ်နှင့် ပရိဝုဏ်ကိုလည်းကောင်း ကာကွယ်စောင့်ရှောက်ရန် လုံခြုံရေးအဖွဲ့ကို သတ်မှတ်ချက်များနှင့် အညီ ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၉။ ကိုယ်ရံတော်သည် နိုင်ငံတော်သမ္မတ တာဝန် ထမ်းဆောင်ခဲ့သူပြည်တွင်း၌ သွားလာသည့်အခါမိမိနှင့် အတူ သင့်လျော်သော လုံခြုံရေးအဖွဲ့၏အဖွဲ့ဝင်များကို ခေါ်ဆောင်လိုက်ပါစေလျက် ကာကွယ်စောင့် ရှောက်ရမည်။

## အခန်း(၄)

## နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ဆောင်ရွက်ချက်အပေါ်အကာအကွယ်ပေးခြင်း

၁၀။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူအား နိုင်ငံတော်သမ္မတအဖြစ်ထမ်းဆောင်ခဲ့သည့် ကာလ အတွင်း တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ယင်းအား တရားစွဲဆိုခြင်းနှင့် အရေးယူခြင်းတို့မရှိစေရ။

## အခန်း(၅)

## အထွေထွေ

၁၁။ နိုင်ငံတော်သမ္မတတာဝန်ထမ်းဆောင်ခဲ့သူသည် ဤဥပဒေအခန်း (၃) အရ လုံခြုံရေးအကာအကွယ် ပေးခြင်းကို နိုင်ငံတော်သမ္မတရာထူးသက်တမ်း ကုန်ဆုံးသည့်နေ့ရက်မှစ၍ ခံစားခွင့်ရှိသည်။

၁၂။ ပြည်ထဲရေးဝန်ကြီးဌာနသည် လုံခြုံရေးအဖွဲ့၏အဖွဲ့ဝင်များ ကိုင်ဆောင်အသုံးပြုရန် သင့်လျော်သော လက်နက်ပစ္စည်းများကို သတ်မှတ်ချက်နှင့် အညီတပ်ဆင်ပေးရမည်။

၁၃။ ပြည်ထဲရေးဝန်ကြီးဌာနသည် ပုဒ်မ ၈ အရ တာဝန်ပေးအပ်ခြင်းခံရသော လုံခြုံရေးအဖွဲ့၏ အဖွဲ့ဝင် များကို လိုအပ်သလို ပြောင်းရွှေ့နေရာချထားခြင်းပြုနိုင်သည်။

၁၄။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထဲရေးဝန်ကြီးဌာန သည် အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ)သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

Myanmar Law Information System (MLIS)